## နိပါတ်ပုဒ်များအကြောင်း

### စ–သဒ္ဒါ

(၁) **သမုစည်း(ပေါင်းစည်း) အဓိပ္ပါယ်ရှိ စ (လည်း/၄င်း)**

(က) ကြိယာ သမုစ္စည်း
(ခ) ကာရက(နာမ်)သမုစ္စည်း
(ဂ) ဝါကျ သမုစ္စည်း

(က)တွံ ပစာဟိ စ၊ ဘုဥ္ဇာဟိ စ။ သင်ချက်လည်းချက်၊ စားလည်းစားလော့။ (ကြိယာချင်းပေါင်းစည်း)
(ခ)သာရိပုတ္တော စ မောဂ္ဂလာနော စ ဓမ္မံ ဒေသေတိ။ သာရိပုတြာသည်၄င်း မောဂ္ဂလာန်သည်၄င်း တရားကို ဟော၏။ (ကာရက(မာပ်)ချင်းပေါင်း)
(ဂ) သာရိပုတ္တော စ ဓမ္မံ ဒေသေတိ၊ မောဂ္ဂလာနော စ ဣဒ္ဓိံ ဒဿေတိ။ သာရိပုတြာသည် တရားကို ဟော၏။ မောဂ္ဂလာန်သည် တန်ခိုးကို ပြ၏။ (ဝါကျ သမုစ္စည်း)

♠ ကာရကတပါးသာရှိ၍ ကြိယာအများ ရှိရာ၌ ကြိယာသမုစ္စည်း၊ ကြိယာတပါးသာရှိ၍ ဝိဘတ်တူ ကာရက အများရှိရာ၌ ကာရကသမုစ္စည်း၊ နှစ်ဝါကျစသည် ဝါကျအများရှိရာ၌ စပါလျှင် ဝါကျသမုစ္စည်းဟုမှတ်ပါ။

(၂) **အန္ဝာစည်း (နောက်ထပ်ပေါင်းစည်ခြင်း) အဓိပ္ပါယ်ရှိ စ**

ဒါနံ ဒေဟိ၊ သီလဉ္စ ရက္ခာဟိ။ အလှူကို ပေးပါ၊ သီလကိုလည်း စောင့်ပါ။

♠ ဒါနံ ဒေဟိ–ဝါကျဖြင့် ဒါနပြုရန် တိုက်တွန်းပြီး သီလဉ္စ ရက္ခာဟိ–ဖြင့် သီလစောင့်ရန် တိုက်တွန်း၏။ ဤနှစ်ဝါကျ၌ ဒါနံ ဒေဟိ–ဝါကျဖြင့် သီလစောင့်ရန် မငဲ့သေး(မဆိုသေး)၊ သီလဉ္စ ရက္ခာဟိ–ဝါကျဖြင့် သီလစောင့်ဖို့သာမက ဒါနပြုရန်ပါ (ရှေ့ဝါကျအဓိပ္ပါယ်ပါ) ငဲ့သောကြောင့် (ဆိုလိုသောကြောင့်) စသဒ္ဒါ ပါရသည်။ ထို စ–မျိုးကို အန္ဝာစည်းဟု ခေါ်သည်။

(၃) **အညမညသမုစ္စည်း / ကေဝလသမုစ္စည်း**

အကယ်၍ ဒါနဉ္စ ဒေဟိ၊ သီလဉ္စ ရက္ခာဟိ–ဟု နှစ်ဝါကျလုံး၌ စပါလျှင် ၄င်း စ–ကို အညမည သမုစ္စည်း(သို့မဟုတ်) ကေဝလသမုစ္စည်း–ဟု ခေါ်သည်။

## (၄) ဣတရေတရယောဂသမုစ္စည်း

သမဏောစ ဗြဟ္မဏော စ သမဏဗြဟ္မဏာ–၌ ရဟန်းဟူသော အနက်သည် ပုဏ္ဏားဟူသော အနက်နှင့် ယှဉ်ရ၏။ ပုဏ္ဏားဟူသော အနက်သည်းလည်း ရဟန်းဟူသော အနက်သည်နှင့် ယှဉ်ရ၏။ ကိစ္စတခု၌ ရဟန်းချည်းသာမပြီး ပုဏ္ဏားလည်း ယှဉ်စပ်၍ ပါနေရဦးမည်၊ ပုဏ္ဏားချည်းသာမပြီး ရဟန်းလည်း ယှဉ်စပ်၍ ပါနေရဦးမည်၊ ဤသို့ ကိစ္စတခု၌ ၂–နက်လုံး ပဓာန ဖြစ်နေရာ၀ယ် အပြန်အလှန်ဆည်းခြင်းကို ဣတရေတရယောဂသမုစ္စည်းဟု ခေါ်သည်။ (၂–နက်သာမက အနက်အများပင် မပါလျှင်မပြီးက, အားတူနေလျှင် ဣတရေတရယောဂပင်တည်း)

## (၅) သမာဟာရသမုစ္စည်း

ငွေပေါင်းများစွာကို တထုပ်တည်း စုစည်းလိုက်သကဲ့သို့ အနက်အများကို ပေါင်းစု၍ တစုတည်းပြုခြင်းသည် သမာဟာရ မည်၏။ 'စက္ခုဉ္စ သောတဉ္စ' စသော သမာဟာရဒွန်ဝါကျလာ စ–သဒ္ဒါမျိုးတည်း။ ဤသမာဟာရသမုစ္စည်း၌ အသီးအသီ ပဓာနမဖြစ်ကြ၊ အားလုံးပေါင်းစပ်၍ တစုတစည်းတည်း ဖြစ်ကြရသည်။

(၆) အဝဓာရဏ (သာ,သာလျှင်)
(၇) အနုကဍ္ဎန
(၈) ဝါစာသိလဋ္ဌခေါ် ပဒပူရဏ (ဘာသာပန်စရာမလို/အနက်မဲ့)

## ဝါ–သဒ္ဒါ

## (၁) ဝိကပ်အနက် (သော်လည်းကောင်း) နှစ်ခုထဲက တခုခု

သမဏော ဝါ ဗြာဟ္မဏော ဝါ ဂစ္ဆတိ။ ရဟန်းသည်သော်လည်းကောင်း ပုဏ္ဏားသည်သော်လည်းကောင်း သွား၏။

♠ ရဟန်းပုဏ္ဏား နှစ်မျိုးလုံးမရ၊ ရဟန်းသော်လည်းရ၏၊ ရဟန်းမရလျှင် ပုဏ္ဏားသော်လည်း ရ၏။ ဤသို့ မသေမချာဖြစ်၍ တနက်နက်ရခြင်းကို ဝိကပ္ပန=ဝိကပ် ဟုခေါ်သည်။

## (၂) သမုစ္စည်း (လည်းကောင်း)

ရာဇတော ဝါ စောရတော ဝါ မနုဿတော ဝါ အာရက္ခံ ဂဏှန္တု။

♠ သမုစ္စည်း ၂–မျိုး ၃–မျိုးစသည် ပြရာ၌ ထိုပြသမျှ အားလုံးကိုပင် ရ၏။ မင်းခိုးသူ လူ အစရှိသော အားလုံး ဘေးရန်ကိုပင်ရ၏။ ရာဇတော ဝါ–၌ ဝါ,သည် စောရ, မနုဿ စသည်ကို ဆည်း၍၊ စောရတော ဝါ–၌ ဝါ,လည်း ရာဇ,မနုဿ စဝည်ကို ဆည်းသည်။ သမုစ္စည်းအနက်ပေးရာ၌ သော–မထည့်ရ, လည်းကောင်း–ဟုသာ ပေးရသည်။

(၃) **အနိယမအနက် (မူလည်း) နှစ်ခုသုံးထဲက  တခါတရံ တခုခု, တခါတရံ နှစ်ခုသုံးခု**

မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ သံဃဿ ဝါ။

♠ ဝိကပ်လည်းမဟုတ် သမုစ္စည်းလည်း မဟုတ်ပဲ အနိယမတ္ထ(မသတ်မှတ်ထားသောအဓိပ္ပါယ်ရှိ) ဝါသဒ္ဒါလည်း ရှိသေး၏။ ဝိကပ်ကဲ့သို့ တနက်သည်းသာ ရသည်လည်းမဟုတ်, သမုစ္စည်းကဲ့သို့ တွဲဘက်အနက်အားလုံးရသည်လည်း မဟုတ်, နှစ်မျိုးသုံးမျိုး အတူပြရာဝယ် တခါတရံ တနက်စီသာ ရ၍ တခါတခရံ နှစ်နက်သုံးနက် ရနိုင်သော ဆိုလို သော ဝါကို အနိယမတ္ထ ဝါ-ဟု ခေါ်သည်။ အထက်ပါ ပုံစံ ဝါကျ၌ တခါတရံ ဘုရားကို အပြစ်ပြေရာ၏၊တခါတရံ ဘုရားနှင့် တရားကို, တခါတရံ ဘုရားတရားသံဃာ သုံးပါးလုံကို အပြစ်ပြောကုန်ရာ၏-ဟု ဆိုလိုသည်။ အနိယမတ္ထ ဝါ-ကို သော်လည်းဟု မြန်မာမပြန်ရ, မူလည်း-ဟု မြန်မာပြန်ပါ။

## ပဋိသေဓ(တားမြစ်ခြင်း) နိပါတ်များ

န၊ နော၊ မာ၊ အ၊ အလံ၊ ဟလံ

(က) **န** ဘုဉ္ဇာမိ။ ငါမစား။
(ခ) **နော** ဟေတံ ဘန္တေ။ ဤအရာသည် မသင့်ပါဘုရား။ နောဟေတံ=နော+ဟိ+ဧတံ
(ဂ) **အ**ညာတံ-မသိအပ်။
(ဃ) **အလံ**-အကျိုးမရှိ။
(င) **ဟလံ** ဒါနိ ပကာသိတုံ။ ယခုအခါ ထင်းခြားပြခြင်းငှါ မသင့်။

♠ န၊ နော၊ အ တို့သည် ပဋိသေဓအပြင် အခြားအနက်ကိုလည်း ဟောသေးသည်။ (သဒ္ဒနီတိ)
(က) န ကတံ-မပြုအပ်သကဲ့သို့တည်း (ဥပမာနအနက်)
(ခ) အဘိဇာနာသိနော-သိ၏လော (ပုစ္ဆာအနက်)
(ဂ) န နော (န ဧဝ) နတ္ထိ-မရှိသည်သာ (အဝဓာရဏအနက်)

♠ အလံ-သဒ္ဒါသည်လည်း ပဋိသေဓအနက် အပြင် (က)ပရိယတ္တိ/သာမတ္ထိယ(စွမ်းနိုင်သူ၏အဖြစ်၊စွမ်းနိုင်ခြင်း) အနက် (ခ) ဘူသန(တန်ဆာ)ဟူသော အနက်ကိုလည်း ဟောသေး၏။

(က) အလံ မလ္လော မလ္လဿ။ လက်ဝှေ့သည်တစ်ယောက်သည် လက်ဝှေ့သည်တစ်ယောက်အား (ထိုးသတ်မှု၌) စွမ်းနိုင်၏။
(ခ) အလင်္ကတော-ပြုအပ်သော တန်ဆာရှိသူ၊ ဆင်အပ်သော တန်ဆာရှိသူ
အလင်္ကရော-ပြုအပ်သောတန်ဆာ၊ ဆင်အပ်သော တန်ဆာ

## ပူရဏနှစ်မျိုး

အနက်ရှိသော နိပါတ်သည် အတ္ထပူရမည်၏။ ထွန်းပြအပ်သော သမုစ္စည်းစသော အနက်ရှိသော စ–နိပါတ် စသည်တို့သည်၄င်း, မိမိကိုယ်တိုင်အနက်ရှိသော အတ္ထိ သက္ကာ လဗ္ဘာ စသော နိပါတ်တို့၄င်း အတ္ထပူရဏ နိပါတ်မည်၏။ အနက်မရှိဘဲ ရွတ်ဆိုရာ၌ ရှေ့နောက်စကားတို့ ချောမောပြေပြစ်ဖို့ရာ ဝါစာသိလိဋ္ဌအကျိုးငှါ ထည့်အပ်သော နိပါတ်သည် အထ, ခလု, ဝတ, အထော, ဟိ, တု, ပန, ဟဝေ, ဝေ, ဟံ, သေယျထိဒံ, စရဟိ စသော နိပါတ်တို့သည် ပဒပူရဏနိပါတ်မည်၏။

ထိုပဒပူရဏ နိပါတ်များစွာတို့တွင် အထ–သည် အမေးအနက်, အခြားမဲ့အနက်, အဓိကာရ(အရာဟူသော) အနက် စသည်၌လည်း ဖြစ်သေး၏။ အထ ကေန နု ဝဏ္ဏေန၊ ဂန္ဓထေနောတိ ဝုစ္စတိ။ (ဇာဋ္ဌ၊၃၊၂၈၉) အထ–သို့ဖြစ်လျက်၊ ဝါ–မေးပါရစေ၊ ကေနဝဏ္ဏေန–အဘယ်အကြောင်းကြောင့်၊ ဂန္ဓထေနောတိ–နံ့သာခိုးဟူ၍၊ ဝုစ္စတိနု–ဆိုအပ်သနည်း။ ဤ၌ အထ–သဒ္ဒါသည် ပဥှာအနက်ကို ဟောသည်။ အထ–(သညာဝိဓာန၏)အခြားမဲ့၌၊ စသည်တို့၌ကား အာနန္တရိယတ္ထ(အခြားမဲ့အနက်)တည်း။ အထ–ထိုအခါ (ထိုသို့နေရာ၌၊ ထိုသို့ပြောဆိုရာ၌၊ စသည်ဖြင့် ဆိုလိုသည်) ဘာသာပြန်ရာ၌ အဓိကာရအနက်တည်း။

“ခလုပစ္ဆာဘတ္တိကော–နောက်ထပ် ထမင်းမစားသူ”၌ ခလု–သည် ပဋိသေဓအနက်ရှိ၏။ “သာဓုခလု–ကောင်းသည်သာ”၌ အဝဓာရဏအနက်ရှိ၏။ “ခလု–တင့်စကားကြားရသည်ကား”၌ ခလုသည် အနုဿဝနတ္ထတည်း။

ဝတ–စင်စစ် ဧကန်။ (နှစ်မျိုးသုံးမျိုး မဟုတ်ပဲ) တခုတည်းဖြစ်သည် ဧကံသ(ဧက–တခုသော+အံသ–အဖို့) ဧကန်ဟု ဆိုသည်။ ဤသို့ မြန်မာပြန်လျင် ဝတ–သည် ဧကံသတ္ထ။ အယံလောကော–ဤသတ္တဝါအပေါင်းသည်၊ ကိစ္ဆံ–ဆင်းရဲခြင်းသို့၊ အာပန္နောဝတ–ရောက်လေစွတကား။ ဤ၌ ဝတ–သည် ခေဒအနက်ဟော။ အယံသမဏော–ဤရဟန်းသည်၊ ကပဏောဝတ–အထီးကျန်လေစွတကား။ ဤ၌ အနုကမ္ပာကအနက်။ အဟောဝတ–သြော် ကောင်းလေစွ။ ဤ၌ သက်ပွအနက်။

အထော–ထို့ပြင်။ အန္ဝာဒေသ=အနု+အာဒေသ။ ပထမစကားတရပ်ပြောပြီးနောက် ထိုစကား၏ အနက်ကိုပင် နောက်ထပ်ဆက်၍ စကားသုံတမျိုးဖြင့်ပြောလိုရာ၌ အထော–ကို သုံးသည်။ “သွာဂတံ တေ မဟာရာဇ = အရှင်မဟာရာဇာ ကောင်းသော လာခြင်းပါတည်း”ဟု ပထမပြောပြီးနောက် “အထော တေ အဒုရာဂတံ=ထို့ပြင် အရှင်မဟာရာဇာ အခုမှ လာခြင်း ဖြစ်ပါသည်”ဟု တမျိုးပြင်၍ ဆက်ပြန်သည်။

**တု**–အထူးကား (ဝိသေသအနက်), အကြင့်ကြောင့် (ဟေတုအနက်) စင်စစ်ဧကန် (ဧကံသအနက်)

**ပန**–အထူးကား (ဝိသေသနအနက်)

**ဟံ**–ဟင်း (သက်ပြင်ချသံမျိုး) ဝိသာဒ–ပင်ပန်းခြင်းအနက်

**သေယျထိဒံ**–ထိုစကားသည်အဘယ်နည်း (လိင်သုံးပါးတူ)

**ဟဝေ, ဝေ**–စင်စင် (ဧကံသအနက်)

**အတ္ထိ**–ရှိ၏၊ ရှိကုန်၏။

**သက္ကာ**–တတ်ကောင်း၏။

**လဗ္ဘာ**–ရအပ်၏။(ဧကဝုစ် ဗဟုဝုစ် နှစ်မျိုး မြန်မာပြန်နိုင်သည်။ ခနံ အတ္ထိ၊ ပုတ္တာ အတ္ထိ။ အတ္ထိ၏တွဲဘက်ဖြစ်သော ခနံနှင့်ပုတ္တာတို့က ပထမာဖြစ်သောကြောင့် အတ္ထိနောက် ပထမာသက်ချေသည်။ သက္ကာ လဗ္ဘာ၌လည်း နည်းတူပင်။

**အာဝုသော**–ငါ့ရှင်၊ **အမ္ဘော, ဟမ္ဘော**–အမောင်၊ **ရေ, အရေ, ဟရေ**–အချင်း၊ **ဇေ**–ဟဲ့ကျွန်မ (အာလုပ်အနက်)

♠ ရတ္တိံယေဝ–ညဉ့်သည်ပင်၊ သမာနာ–ဖြစ်ပါလျက်၊ ဒိဝါ–နေ့တည်း၊ ဣတိ သညာနန္တိ–ဤသို့ မှတ်ထင်ကြကုန်၏။ ဘိယျော–လွန်ကဲသော၊ သောမနဿံ–ဝမ်းမြောက်ခြင်းသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ နမော–ရှိခိုးခြင်းသည်၊ အတ္ထု–ဖြစ်စေသတည်း။ ဤဝါကျများ၌ **ဒဝါ ဘိယျော နမော–နောက်၌ ပထမာကျေ**သည်။

ဒိဝါယေဝ–နေ့ကိုပင်၊ ရတ္တိံ'တိ–ညဉ့်ဟူ၍၊ သညာနန္တိ–မှတ်ထင်ကြကုန်၏။ ဘိယျော–အလွန်၊ ပလ္လောမံ–ကျသောအမွေးရှိသူ၏အဖြစ်သို့၊ အာပါဒိ–ရောက်ပြီ။ နမော–ရှိခိုခြင်းကို၊ ကရောဟိ–ပြုလော။ ဤဝါကျများ၌ **ဒိဝါ ဘိယျော နမော–နောက်၌ ဒုတိယာကျေ**သည်။

**သယံ, သာမံ, သံ**–ကိုယ်တိုင်၊ **သမ္မာ**–မဖောက်ပြန်သောအားဖြင့် (တတိယတ္ထ)
သုတ္တသော–သုတ်အားဖြင့်၊ ပဒသော–ပုဒ်အားဖြင့်၊ အနိစ္စတော–အနိစ္စအားဖြင့်၊ ဒုက္ခတော–ဒုက္ခအားဖြင့်၊ ဧကဒါ–တဖို့၊ ဒွိဓာ–နှစ်ပါးအပြားအားဖြင့်၊ ကိန္တိ–အဘယ်အကြောင်းဖြင့်, အဘယ်နည်းဖြင့်၊
**သော,တော,ဓာ** ပစ္စည်းဆုံးက တတိယတ္ထ။ သုတ္တသော စသည်နောက် တတိယာ နာဝိဘတ် သက်ချေသည်။

**တတေ,တုံ** ပစ္စည်းဆုံးသော သဒ္ဒါတို့သည် စတုတ္ထီအနက်၌ဖြစ်၏။ ကာတဝေ–ပြုခြင်းငှါ။ ဒါပေတုံ–ငှါ။
♠ ကာတဝေစသော ပုဒ်များသည် နာမ်ဂိုဏ်းဏ်မရ။ ငှာဟူသော တုမတ္ထသမ္ပဒါန်အနက်၌ စတုတ္ထီကျေသော ရုပ်တမျိုးသာရှိ၏။ ထို့ကြောင့် နိပါတ်ပုဒ်တွင် ပါဝင်ကြသည်။ အာချတ်လည်းမဟုတ်, ဥပသာရလည်းမဟုတ်, နာမပဒမာလာလည်း စဉ်၍မရသော ပုဒ်ဟူသမျှသည် နိပါတ်ပုဒ်တွင် ပါဝင်ကြသည်။ ကာတဝေ စသည်၌ သ–နံ တခုခု သက်ချေ။
**သော, တော** ပစ္စည်းသည် ပဉ္စမီအနက်၌ သက်၏။ ဒီဃသော–အချလားမှ၊ ဩရသော–ဤဘက်မှ၊ ရာဇတော ဝါ– စောရတော ဝါ။ တော–စသော နိပတ်ပစ္စည်းကား သူကိုယ်တိုင် ဝိဘတ်အမည်ရသောကြောင့် ဝိဘတ်သက်စရာမလိုတော့။
**ត្រ, ထ** တို့သည် သတ္တမီအနက်၌ ဖြစ်၏။

## နေရာပြသတ္တမီအနက်

သမန္တာ–အလုံးစုံ၌၊ သာမန္တာ–ထက်ဝန်းကျင်၌, အနီး၌၊ ပရိတော–ထက်ဝန်းကျင်၌၊ အဘိတော–ရှေ့၌၊ သမန္တော–ထက်ဝန်းကျင်၌၊ ဧကဇ္ဈံ–တခု၌၊ ဧကမန္တံ–သင့်လျော်သောအရပ်၌၊ (ဧကံ+အန္တံ–ဟု ပုဒ်ဖြတ်၊ အန္တသဒ္ဒါအနက်ထူဒမရှိ၊ တည်း အန္တသဒ္ဒါကို ဘာဂအနက်ကြံ၍ 'ဧကမန္တံ–သင့်လျော်သော တခုသောအရပ်အဖို့၌'ဟု အနက်ပေးကြသည်) ဟေဋ္ဌာ–အောက်၌၊ ဥပရိ,ဥဒ္ဓံ–အထက်၌၊ အဓော–အောက်၌၊ တိရိယံ–ဖီလာ၌၊ သမ္မုခါ–မျက်မှောက်၌၊ ပရမ္မုခါ–မျက်ကွယ်၌၊ အာဝီ–ထင်ရှားသောအရပ်၌၊ ရဟော–ဆိတ်ကွယ်ရာ၌၊ တိရော–တစ်ဘက်၌၊ ဥစ္စံ–အမြင့်၌၊ နီစံ–အနိမ့်၌၊ အန္တော–အတွင်း၌၊ အန္တရာ–အကြား၌၊ အဇ္ဈတ္တံ–မိမိသန္တာန်၌၊ ဗဟိဒ္ဓါ, ဗာဟိရာ, ဗာဟိရံ, ဗဟိ–အပ၌၊ ဩရံ–ဤဘက်၌၊ ပါရံ–ထိုဘက်ကမ်း၌၊ အာရာ, အရကာ–အဝေး၌၊ ပစ္ဆာ–နောက်၌၊ ပုရေ–ရှေး၌၊ ဟုရံ–တပါးသောအရပ်၌၊ ပစ္စ–တမလွန်ဘဝ၌၊

**အချိန်ကာလပြသတ္တမီအနက်**

သမ္ပတိ–ယခုအခါ၌၊ အာယတိ–နောင်အခါ၌၊ အဇ္ဇ–ယနေ့၌၊ အပရဇ္ဇု–နက်ဖန်၌၊ သွေ, သုဝေ–နက်ဖန်၌၊ ပရသုဝေ–သဘက်ခါ၌၊ ဟိယျော–ယမန့်၌(မနေ့က)၊ ပရေ–တဖန်မနေ့၌, တမြန်နေ့၌ (လွန်ခဲ့သောသုံးရက်မြောက်နေ့က) သဇ္ဇု–လက်ငင်း(ချက်ချင်း)၊ သာယံ–နေဝင်ချိန်၌ (ညချမ်းအခါ၌) ပါတော–နံနက်၌၊ ကာလံ–အခါ၌၊ ကလ္လံ–လျောက်ပတ်သောအခါ၌၊ ဒိဝါ–နေ့၌၊ ရတ္တိံ–ညဉ့်၌၊ နိစ္စံ,သတတံ–အမြဲ (မြဲသောအခါ၌) အဘိဏှံ,အဘိက္ခဏံ–မပြတ်(မပြတ်သောအခါ၌)မုဟုံ–လျင်မြန်စွာ၊ မုဟုတ္တံ–တမုဟုတ်မျှ၊ပရာ–ရှေး၌၊ ယဒါ–အကြင်အခါ၌၊ တဒါ–ထိုအခါ၌၊ ကဒါ–ဘယ်အခါ၌၊ ဘူတပုဗ္ဗံ–ရှေးအခါ၌ (ပုဗ္ဗေ+ဘူတံ ဘူတပုဗ္ဗံ=ရှေး၌ဖြစ်သောဝတ္ထု,အကျင့်–ဟု သမာသ်ပုဒ်လည်းရှိ၏)

**အပ္ပေဝ, အပ္ပေဝ နာမ, နု** –တန်ရာ၏။ (သံသယတ္ထ–ယုံးမှားခြင်း, မဆုံဖြတ်နိုင်ခြင်းအနက်)

♠ အပ္ပေဝနာမ ဥပသင်္ကမေယျာမ–ချဉ်းကပ်နိုင်ကုန်တန်ရာ၏–ဟူရာ၌ ချဉ်းကပ်နိုင်မည်, မချဉ်းကပ်နိုင်မည်,ကို မဆုံးဖြတ်နိုင်–ဟု ဆိုလိုရင်းဖြစ်သည်။ အပ္ပေဝ နှင့် နု တို့ တွဲရာ၌လည်း နည်းတူ။

အဒ္ဓါ, အညဒတ္ထု, တဂ္ဃ, ဇာတု, ကာမံ, သသက္ကံ–စင်စစ်, တကယ် (ဧကံသတ္ထ)
တဂ္ဃ–သည် ဝန်ခံ၏ လက်ခံ၏ ကောင်ပြီ ဟူသော သမ္ပဋိစ္ဆနအနက်, ထို့ . . ကြောင့်–ဟူသော ကာရဏ အနက်၌လည်း ဖြစ်သေး၏။ ဇာတု–သည် တခါတရံ ဟူသောအနက်၌လည်း ဖြစ်သေး၏။ ကာမံ–သည် အကယ်၍ ဟူသော ယဒိအနက်လည်းဟောသေး၏။ (တိပိဋကန်အဖွင့်)
ဧဝ–သာ, ပင် (အဝဓာရဏတ္ထ)

**ကစ္စိနု ကိန္နု နနု ကထံ ကိံသု ကိံ** (ပုစ္ဆနတ္ထ)
**ဧဝံ ဣတိ ဣတ္ထံ** (နိဒဿနတ္ထ)
**ယာဝ တာဝ ယာဝတာ တာဝတာ ကိတ္တာဝတာ ဧတ္တာဝတာ ကီဝ** (ပရိစ္ဆေဒနတ္ထ)
**ဧဝံ သာဟု လဟု ဩပါယိကံ ပတိရူပံ အာမ သာဓု** (သမ္ပဋိစ္ဆနတ္ထ)
**ယထာ တထာ ယထေဝ တထေဝ ဧဝံ ဧဝမေဝ ဧဝမေဝံ ဧဝမ္ပိ ယထာပိ သေယျထာပိ သေယျထာပိနာမ ဝိယ ဣဝ ယထရိဝ တထရိဝ ယထာနာမ တထာနာမ ယထာဟိ တထာဟိ ယထာ စ တထာ စ** (ပဋိဘာဂတ္ထ)
**ယထာ**=သင့်လျော်သည်၏အဖြစ်အနက် ဝိစ္ဆာအနက် ပုဒ်အနက်ကို မလွန်ခြင်းအနက် နိဒဿနအနက်
**ယထာသရူပံ**–သရုပ်အားလော်စွာ (သင့်လျော်ခြင်းအက်)
**ယထာဝုဍ္ဍံ**–ကြီးကုန်ကြီးကုန်သော သူတို့ (ဝိစ္ဆာအနက်)
**ယထာက္ကမံ**–အစဉ်ကိုအမလွန်ဘဲ (ပုဒ်အနက်ကို မလွန်ခြင်းအနက်)
**တံ ယထာ**– (နိဒဿနအနက်)

**ဇဝံ**–နည်းလမ်းညွှန်ပြခြင်း, မေးခြင်း

တေ–သင်သည်၊ ဇဝံ–ဤသို့၊ အဘိက္ကမိတဗ္ဗံ–ရှေးရှုသွားရမည် (နည်းလမ်းညွှန်ပြ)

ဇဝံ–ဤသို့ပါလော (ပဥှာအနက်)

**အဟော**–ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း, တောင့်တခြင်း

**နာမ**–ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း, အမည်, အမေး

**သာဓု**–ချီးမွမ်းခြင်း, တောင်းပန်ခြင်း, လက်ခံခြင်း

**ဣင္ဃ ဟန္ဒ**–စောဒနာအနက်

ဣင္ဃ–တိုက်တွန်းပါ၏၊ မေ–ငါဖို့၊ ပါနီယံ–သောက်ရေကို၊ ဟရ–ဆောင်ခဲ့လော့။ (စောဒနာ)

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ = ဘိက္ခုတို့ တိုက်တွန်းတော်မူ၏၊ ယခု သိစေတော်မူမည်။(စောဒနာ)

**သာဓု သုဋ္ဌု ဧဝမေတံ**–ဝမ်းမြောက်ခြင်း အနက်

♠ အမျှဝေရာ၌ "သာဓု သာဓု သာဓု"စကားသည်လည်းကောင်း, တေ–သင်သည်၊ သုဋ္ဌု–ကောင်းစွာ၊ ကတံ–ပြုအပ်ပြီ၊ (သင်လုပ်တာ ကောင်းတယ်) စကားသည်လည်းကောင်း "ဧဝမေတံ မဟာရာဇ = မဟာရာဇာ ဤစကားသည် ဟုတ်ပါသေည်"ဟူသောစကားသည်လည်းကောင်း အနုမောဒနာစကားတည်း။ (ဧဝမေတံ–ကို နိပါတ်ဟုဆိုသော်လည်း ဇဝံနိပါတ်နှင့် ဧတံနာမ်ပုံတွဲစပ်၍ "ဧတံ–ဤစကားသည်၊ ဧဝံ–ဟုတ်ပါ၏"ဟု အနက်ပေးရသောပုဒ်ဟု ထင်သည်)

**ကိရ**–တဆင့်စကားကြားခြင်း မယုံကြည်ခြင်း

ဘဂဝါ–ဘုရားသည်၊ အနုပ္ပတ္တောကိရ–ရောက်ပြီတဲ့ (တဆင့်စကားကြားခြင် အနုဿဝနတ္ထ)

ကေစိ–အချို့တို့သည်၊ ဝဒန္တိကိရ–ဆိုသတတ် (မယုံကြည်ခြင်း အဿဒ္ဓေယျတ္ထ)

တစုံတခုကို အကျယ်ချဲ့လိုရာ၌လည်း ကိရ–ကို ထားသည်။

**နူန**–မှန်းဆခြင်း, အောင့်မေ့ခြင်း, ကြံစီခြင်း

သောဓမ္မဝိနယော–ထိုဓမ္မဝိနယသည်၊ ဩရကော–ယုတ်ညံ့သည်၊ နဟိနူန–မဖြစ်တန်ရာ (အနုမာနတ္ထ)

သာအမ္မာ–ထိုမယ်တော်ဘုရားသည်၊ ကပဏာ–ဆင်းရဲလျက်၊ ရုစ္ဆတိနူန–ငိုရှာနေလိမ့်မယ်နော်

(အမှတ်ရ,လွမ်းဆွတ်ခြင်း အနုဿရဏတ္ထ)

နိရယံ–ငရဲသို့၊ ဂစ္ဆာမိနူန–ရောက်ရတော့မည်ထင်ပါ့တကား၊ (ပရိဝိတက္ကနတ္ထ)

သောဟံ–ထိုငါသည်၊ ဣတော–ဤငရဲမှ၊ ဂန္တွာ–လူ့ပြည်သို့သွားရသည်ရှိသော်၊ နူန–စင်စစ်၊ ကာဟာမိ–ပြုတော့အံ့။

(နူန–စင်စ်ဟု ဘာသာပြန်သော်လည်း ပရိဝိတက္ကနတ္ထပင်တည်း)

**ကသ္မာ**–အဘယ်ကြောင့်, အဘယ်အကြောင်းကြောင့် (အကြောင်းကိုမေးခြင်းအနက်=ကာရဏတ္ထ)
(သဗ္ဗနာမ်၌ ပါသော ကသ္မာ, ကမှာ–တို့ကား အဘယ်သူမှ, အဘယ်သူ့ကြောင့် စသည်ဖြင့် ဒြပ်ကို ဟော၏။ ထို့ကြောင့် ဒြပ်ကို ဟောရာ၌ ကသ္မာသည် နာမ်၊ ဒြပ်ကိုမဟောပဲ အမေးအနက်ကိုသာ ဟောရာ၌ နိပတ်ဟုသာ ခွဲပါ၊ ယသ္မာ, တသ္မာ၌လည်း နည်းတူ)

**ယသ္မာ တသ္မာ တထာဟိ တေန**–အကြောင်းကိုပိုင်ဖြတ်ခြင်း(ကာရဏာဝစ္ဆေဒန၊ ကာရဏ+အဝစ္ဆေဒန)
ယသ္မာ ရူပံ အနတ္တာ၊ တသ္မာ အာဗာဓာယ သံဝတ္တတိ။ ဤ၌ ယသ္မာကို အကြင့်ကြောင့် ပေးသော်လည်း 'ယသ္မာ–အကြင် အနှစ်သာရမရှိခြင်း အလိုသို့မလိုက်ခြင်းဟူသော အကြောင်းကြောင့်'ဟု ဆိုလိုရာ အကြောင်းတို့ကို ပိုင်ခြားသတ်မှတ်၏။ တသ္မာ–ထို့ကြောင်ဟူရာ၌လည်း ထိုအနတ္တဖြစ်ခြင်းကြောင့်ဟု တခြားအကြောင်းတို့နှင့် မရောနှောရအောင်သတ်မှတ်၏။ တထာဟိ–ထို့ကြောင့်ပင်လျှင်, တေန–ထို့ကြောင့်ပင်လျှင် တို့၌လည်း ဤနည်းပင်။

**သဟ သဒ္ဓိံ သမံ အမာ**–ညီမျှသောကြိယအနက်
ပုတ္တေန သဟ/သဒ္ဓိံ အာဂတော ပိတာ။ အဖသည် သားနှင့်အတူ လာ၏။ ဤ၌ သားနှင့်အဖ နှစ်ဦးအပေါ်၌ လာခြင်းကြိယာ၏ ညီမျှခြင်းကို သမကြိယာဟုဆိုသည်။ သဗ္ဗကိစ္စေသု အလုံးစုံသော ကိစ္စ၌၊ အမာ–မင်းနှင့်အတူ၊ ပဝတ္တတိ–ဖြစ်တတ်၏၊ဣတိ–ထို့ကြောင့်–အမစ္စော–အမစ္စမည်၏။ ဤ၌ အမာသည် ဖြစ်ခြင်းကြိယာအားဖြင့် မျှသော အနက်ကို ဟော၏။ (ဘာသာဋီကာ၌ သမော သမာဟု ရုပ်စဉ်နိုင်၍ သမံကို နိပါပုဒ်၌ မထည့်)

**ဝိနာ ရိတေ**–မယှဉ်ခြင်းအနက်
**နာနာ ပုထု**–များသောအပြာဟူသောအနက် (ဗဟုပ္ပကာရ)
    နာနာကုလာ–အထူးထူးအပြားပြားသော အမျိုးမှ
    ပုထုကိလေသေ–များစွာသော ကိလေသာတို့ကို

**ပုထု ဝိသုံ**–မပေါင်းစပ်ခြင်းအနက်(အသီအခြားဖြစ်ခြင်းဟူသောအနက်=အသဃ်ာတ)
အယံဇနော–ဤလူအေပါင်းသည်၊ ပုထု–အရိယာတို့မှ အသီးအခြားတည်း။(ပုထူနံ စသည်ဖြင့် နာမ်ပုဒ်လည်း ရှိ၏)
**ဒုဋ္ဌု ကု**=စ်ဆုတ်ခြင်း (ဇိဂုစ္ဆ)
ဒုဋ္ဌု–မကောင်းသဖြင့်၊ ဝါ–စက်ဆုပ်အပ်စွာ၊ ကတံ–ပြုအပ်သောအမှုသည်၊ ကုကတံ–ကုကတမည်၏။

**ပုန**–ပထမမဟုတ်သောအနက်၊ နောက်ထပ်ဟူသောအနက် (အပဌမ)။(ပုနော ပုနံ ပုနပ္ပုနံ ဟုလည်း ရှိ၏)
**ကထဉ္စိ**–ဆင်းရဲငြိုငြင်ခြင်း

**ဓာ, က္ခတ္တုံ, သကိံ**–သချာ်ကိုခွဲခြားဝေဖန်ခြင်း (သချာ်ဝိဘာဂ)
    ဧကဓာ–တဖို့ဖြင့်၊ ဒွိဓာ–နှစ်ပါးအပြားတို့ဖြင့်၊ ဧကက္ခတ္တုံ–တစ်ကြိမ်၊ ဒွိက္ခတ္တုံ–နှစ်ကြိမ်၊ သကိံ–တစ်ကြိမ်

**ဤသကံ**–အနည်းငယ်ဟူသောအနက်(အပ္ပ) နူးညံ့ခြင်းဟူသောအနက်(မန္ဒ)
**သဏိကံ**–နူးညံ့ခြင်းဟူသောအနက်(မန္ဒ)
သဏိကံ–ဖြေးဖြေးနှေးနှေး

**ခိပ္ပံ အရံ လဟု အာသုံ တုဏ္ဏံ အစိရံ**–အလျင်အမြန်ဟူသောအနက် (သီဃတ္တ) (လျင်လျင်, မြန်မြန် စသည်ပေး)
စိရံ စိရဿံ–ရှည်သောကာလဟူသောအနက်(ဒီဃကာလ)

**စေ ယဒိ**–တွေးတောခြင်း၏တည်ရာအနက် (သင်္ကာဝဋ္ဌာန)

♠ စေ ဇာနေယျုံ–အကယ်၍ သိကုန်အံ့၊ ယဒိကုပ္ပေယျုံ–အကယ်၍ စိတ်ဆိုးအံ့။ဤသို့တွေးတောခြင်း ကြံစည်ခြင်း၏ တည်ရာအနက် စေ ယဒိက ထွန်းပြသည်။ သစေ,လည်း နည်းတူ)

♠ ယဒိသည် ဝါသဒ္ဒါ၏ ဝိကပ်အနက်ကိုလည်းဟော၏။ ယဒိ ဗြဟ္မဏပရိသံ ယဒိ ခတ္တိယံ ပရိသံ။ ယဒိ ဗြဟ္မဏပရိသံ–ဗြဟ္မဏပရိသတ်တို့သော်လည်းကောင်း စသည်ဖြင့် ပေးပါ။ တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏောသု ရေနဩဿေ့ဝ မရဏံ ဟောတိ, တဒါ ပဋိသန္ဓိ ဘဝင်္ဂါနံပိ ပစ္စုပ္ပန္နတာ လဗ္ဘတိ၊ ဤ၌ ယဒိ,သည် ယဒါ အနက်ရှိ၏။

**ခုဝံ**–ခိုင်မြဲခြင်း(ထိရ) ပိုင်ခြားခြင်း(အဝဓာရဏ)

ခုဝံဋ္ဌိတိ–ခိုင်မြဲတည်တံ့ခြင်းသည်၊ နတ္ထိ–မရှိ။ (ထိရအနက်)
ခုဝံ–မချွတ်၊ ဗုဒ္ဓေါ–ဘုရားသည်၊ ဘဝိဿတိ–ဖြစ်လံ့။ (ဤ၌ “ဘုရားဖြစ်, မဖြစ်” နှစ်မျိုးတွင် ဖြစ်မည်ကို ပိုင်ခြားသတ်မှတ်သောကြောင့် မချွတ်ဟု ပေးရသော်လည်း ခုဝံသည် အဝဓာရဏတ္ထပင်။ နိစ္စော ခုဝေါ (မြဲ၏) သဿတော၊ ခုဝါနိ–မြဲသော ကိုယ့်ပစ္စည်းတို့ကို၊ ပရိစ္စဇ္ဇ–စွန့်၍၊ တို့၌ ခုဝ,ကို နာမ်ပုဒ်ဟု ဆိုထိုက်၏)

**ဟာ**–ပင်ပန်းခြင်း(ဝိသာဒ)အနက်
ဟာ မတော–ဟင် သေချာပေါ့

**တုဏှီ**–စကားမပြောခြင်း(အဘာသန)အနက်
(ပါဠိ သက္ကတ နှစ်ဌာန၌ ဒီဃဖြင့် ရှိသည်။ တိတ်တိတ်, ဆိတ်ဆိတ် ဟု မြန်မာပြန်ရသည်)

**သစ္စိ**–မျက်မှောက်ဟူသောအနက်
သစ္စိ–မျက်မှောက်ဟုပေး။
**မုသာ မိစ္ဆာ အလိကံ**–မမှန်ဟူသောအနက်။
မုသာ–အလွဲ၊ မိစ္ဆာ–အမှား၊ အလိကံ–ချွတ်ချွတ်ချော်ချော် စသည်ဖြင့် ပေး)

**သုဝတ္ထိ**–တောင့်တခြင်းအနက်(အာသီသတ္ထ)

သုဝတ္ထိ–ကောင်းကျိုးချမ်းသာမင်္ဂလာသည်၊ ဟောတု–ဖြစ်ပါစေ။ သောတ္ထိလည်း သုဝတ္ထိနှင့် အနက်တူ နိပါတ်ဟု သဒ္ဒနီတိဆို၏။ သောတ္ထိံ–ချမ်းသာခွင့်ကို၊ နပဿာမိ–မြင်တောမမူ။ (သောထတ္ထိံ–၌ အံဝိဘတ်) သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ–၌ သောတ္ထိနာ–ဝယ် နာဝိဘတ် ရှိသော်လည်း အံနာဝိဘတ်မှတပါး အခြားဝိဘတ်များ၌ ရုပ်နေမကကွဲ၍ သောတ္ထိ–ကို နိပါတ်ဟု ဆိုနိုင်သည်ဟု သဒ္ဒနီတိမိန့်သည်။ သုတ္တနိပါတ် ရတနသုတ် အဋ္ဌကထာ၌ သောတ္ထိ–ကို သောဘနာနံ+အတ္ထိတာ=တင့်တယ်သောအကျိုးတရားတို့၏ထင်ရှားရှိကုန်သည်၏အဖြစ်ဟု နာမ်ပုဒ်အနေဖြင့် ဖွင့်ထားသည်။

**တုန တွာန တွာ**–နောက်ကြိယာ၌ စပ်ဆိုက်ဖို့ရာအားထုတ်ခြင်းအနက်(ဉဿုက္ကနတ္ထ)

ကော–အဘယ်သူသည်၊ ဒိသွာ–ဖူးမြင်ရ၍၊ ဝါ–ဖူးမြင်ရသည်ရှိသော်၊ နပ္ပသီဒေယျ–မကြည်ဘဲရှိပါအံ့နည်း၊ စသည်သည် ဒိသွာဟူသော တွာပစ္စယန္တပုဒ်သည် ကြိယတခုခုကို စပ်ဖို့ရာ အမြဲငံ့လျက်ရှိ၏။ ထို့ကြောင့် ထိုတွာပစ္စယန္တကြိယာများကို ဉဿုက္ကနတ္ထကြိယာဟု နာမည်တပ်သည်။ ဤစကားအရ အဘိဝါဒိယ ဘာသိသံ၊ နတွာ ဝဏ္ဏယိသံ–၌ အဘိဝါဒိယ–ရှိခိုးပါ၏–ဟု မဏိမဉ္ဇူသာဋီကာအဖွင့်လိုက်၍ **နောက်ကြိယာမငံ့ပဲ တစ်ဝါကျ အပြီးသတ်အနေဖြင့် အနက်ပေးကြခြင်း**ကို ဆရာတို့ မနှစ်သက်။